**သဒ္ဓမ္မံ** – ချီးမွမ်းအံ့အား ပြောဆို၍ မကုန်နိုင်သော ဗောဇ္ဈင်္ဂသုတ်တော် သူတော်ကောင်းတရားကို။

**သုဏန္တု** – ရိုသေတုပ်ကွ နာလှည့်ကြကုန်လော့။

**[ဘဒန္တာ** – ညီညာဖြဖြ စည်းဝေးလာရောက်ကြသည့် ဓမ္မမာမက အိုနတ်များတို့။

**အယံ ကာလော** – ဤသည့်ကာလ ခါသမယသည်ကား။

**ဓမ္မဿဝန ကာလော** – သုံးခွင်ထွတ်ထား ရှင်တော်ဘုရား၏ ဗောဇ္ဈင်္ဂသုတ်တော် နာကြားရမည့် အခါပေတည်း။ (၃–ခေါက်)]



**၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။**

(မဟုတ်မမှန် မုသားပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။)

**၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာ–ပဒံ သမာဒိယာမိ။**

(သေရည်သေရက်ကို သောက်စားမူးယစ်ခြင်းမှ ရှောင်ကြဉ်ပါ၏။)

**အာမ ဘန္တေ။**

--------



**၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာ–ဒိယာမိ။**

(သူတစ်ပါး၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။)

**၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိ–ယာမိ။**

(သူတစ်ပါး၏ ပစ္စည်းဉစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ပါ၏။)

**၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။**

(သူတစ်ပါး၏ သားမယားကို ပြစ်မှားကျူးလွန်ခြင်းမှ ရှောင်ကြဉ်ပါ၏။)

## ဗောဇ္ဈင်္ဂသုတ်ပါဠိ-မြန်မာပြန်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

### ဗောဇ္ဈင်္ဂသုတ်ပါဠိ

**၁။ သံသာရေ သံသရန္တာနံ၊**
**သဗ္ဗဒုက္ခဝိနာသနေ။**
**သတ္တဓမ္မေ စ ဗောဇ္ဈင်ေ၊**
**မာရသေနာပမဒ္ဒနေ။**

**၂။ ဗုဇ္ဈိတွာ ယေ စိမေ သတ္တာ၊**
**တိဘဝါ မုတ္တကု'တ္တမာ။**
**အဇာတိ'မဇရာ'ဗျာဓိ၊**
**အမတံ နိဗ္ဘယံ ဂတာ။**

**၇။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါ (-----) မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။**

**ဣမေ ခေါ (-----) သတ္တ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။**

**ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ (မေ) ဟောတု သဗ္ဗဒါ။**

**ဤဗောဇ္ဈင်ခုနစ်ပါး တရားတော်မြတ်သည် ၉၆–ဖြာသော ရောဂါ ဝေဒနာတို့ကို ပျောက်ကင်း ချမ်းသာစေရုံမျှမက မဂ်ဖိုလ်နိဗ္ဗာန်သို့ပင် စွမ်းဆောင်နိုင်သော တရားတော် စင်စစ်ကေန်အမှန် ဖြစ်ပါ၏။**



## အနာရောဂါများ ပျောက်ကင်းစေသော အရှင်ဗာကုလဂါထာ

**အပ္ပါဗာဓော မဟာထေရော၊**
**အပ္ပါဗာဓန မုတ္တမော။**
**ဗာကုလော အရဟာ ဇာတော၊**
**သဒါ သောတ္ထိံ ကရောတု မေ။**

အရှင်ဗာကုလမထေရ်မြတ်ကား အနာရောဂါ ကင်းရှင်းတော်မူ၏။ အနာရောဂါ ကင်းရှင်းသူများတွင် အသာဆုံးအမြတ်ဆုံး ဖြစ်တော်မူ၏။ အာသဝေါ ကုန်ခန်း၍ ရဟန္တာဖြစ်တော်မူ၏။ ထိုအရှင်ဗာကုလ မထေရ်မြတ်သည် အကျွန်ုပ်အား အခါခပ်သိမ်း အနာ ရောဂါကင်းခြင်း ချမ်းသာခြင်းကို ပြုတော်မူပါဘုရား။



## အရှင်ဗာကုလ၏ သစ္စာပြု ဆုတောင်းဂါထာ

**ဗာကုလောနာမ ယော ထေရော၊**
**အပ္ပါဗာဓန မုတ္တမော။**
**သဒ္ဓိဝဿသတာယုကော၊**
**ဗာကုလံ တံ နမာမဟံ။**
**ဧတေန သစ္စေန အာရောဂျံ ဟောတု မေ သဒါ။**

အရှင်ဗာကုလမထေရ်မြတ်သည် အနာရောဂါ ကင်းရှင်းသူများတွင် အသာဆုံး အမြတ်ဆုံး ဧတဒဂ် ဖြစ်တော်မူ၏၊ သက်တော်(၁၆၀)ရှည်တော်မူ၏၊ ထို အရှင်ဗာကုလမထေရ်အား တပည့်တော်ရှိခိုးပါ၏၊ ထိုသို့ ဟုတ်မှန်စွာပြောဆိုရသော သစ္စာစကားနှင့် ရှိခိုးပူဇော်ရသော စေတနာကြောင့် အကျွန်ုပ်အား အခါခပ်သိမ်း အနာရောဂါ ကင်းရှင်းပါစေသတည်း။



တစ်မြို့သို့ ကူးပြီး ကချေသည် မောင်းမမိဿံ ခြွေရံ သင်းပင်းတို့ဖြင့် နေရ၏။ ပူပင်ကြောင့်ကြမဲ့စွာ ပကတိ ကျန်းမာလျက် နှစ်ပေါင်း(၈၀) နေ၏။ ယုတ်စွအဆုံး နှာစေး၊ ချောင်းဆိုးမျှပင် မရှိပေ။

ဂေါတမမြတ်စွာဘုရား ဓမ္မစကြာတရားဦး ဟော တော်မူပြီး ဒေသစာရီ ကြွချီလာရာတွင် ကောသမ္ဗီ ပြည်သို့ ရောက်တော်မူခဲ့ရာ ဗာကုလသူဌေးသည် ဘုရားရှင်ထံ တရားနာရင်း ရှေးဘဝကပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုကံကြောင့် ရဟန်းပြုခဲ့သည်။ ရဟန်းပြုပြီး (၈)ရက်မြောက်တွင် အရှင်ဗာကုလ မထေရ်မှာ အာသဝေါကုန်ခန်းလျက် ပဋိသမ္ဘိဒါပတ္တ ရဟန္တာ ဖြစ်တော်မူလေသည်။

ရဟန်းပြုခဲ့သော အနှစ်–၈၀ (ဝါတော်–၈၀) အတွင်း–

**အရှင်ဗာကုလကို ဦးထိပ်ထား၍ သစ္စာပြု ဆုတောင်းဂါထာ**

**အဟံ ဣမိနာ ပုညကမ္မေန၊**
**အဇ္ဇအာဒိံ ကတွာ၊**
**ယာဝ နိဗ္ဗာနံ အပ္ပတော၊**
**တာဝ ကာလံ။**
**ဗာကုလောဝ အနာမယော**
**ပုဂ္ဂလဘာဝေါ ဘဝိဿံ။**

အကျွန်ုပ်သည် ယခုပြုရသော ကုသိုလ်ကောင်းမှုကြောင့် ယနေ့မှစ၍ အကြင်မျှလောက် နိဗ္ဗာန်သို့ မရောက်သေးသမျှ ကာလပတ်လုံး အနာမဲ့သော အရှင်ဗာကုလမထေရ်မြတ်ကဲ့သို့ အနာရောဂါ အဖြာဖြာမှ ထာဝရမယွင်း အမြဲလွတ်ကင်းသော ပုဂ္ဂိုလ်အဖြစ်သို့ မုချမသွေ ဖြစ်ရပါစေသား အရှင်ဘုရား။



**မကျန်းမာသူက ဒေါ်နှင်းဖြစ်က =**
**(ဒေါ်နှင်း ဥပါသိကေ)**

**သတ္တိမေ (ဒေါ်နှင်း ဥပါသိကေ) ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ ဟု ရွတ်ဆိုပေးရန်။**



**ဧတေန သစ္စဝဇ္ဇေန၊** ဤမှန်ကန်သော သစ္စာစကားကြောင့်။ **တေ၊** သင့်အား **(မေ၊** အကျွန်ုပ်အား)။ **သောတ္ထိ၊** ချမ်းသာခြင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

***** (-----)ကွက်လပ်အတွင်း မကျန်းမာသူ၏အမည်ကို ထည့်သွင်းရွတ်ဆိုပေးပါရန်။**

**ဥပမာ။ ။ မကျန်းမာသူက ဦးစိန်ဖြစ်က =**
**(ဦးစိန် ဥပါသက)**

**သတ္တိမေ (ဦးစိန် ဥပါသက) ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။**

**အရှင်ဗာကုလမထေရ်၏ အံ့ဖွယ်ထူးများ**

**ဗာကုလကုမာရသူဌေးသား၏ လူ့ဘဝချမ်းသာ**

ဗာကုလ= ဗာ = နှစ်
ကုလ = အမျိုး
ဗာကုလ = အမျိုးနှစ်ဖက်ရှိသောသူ

ဗာကုလကုမာရသူဌေးသား၏ ခံစား စံစားရသော စည်းစိမ်ချမ်းသာကား ကြီးကျယ်လှ၏။ ကောသမ္ဗီပြည်နှင့် ဗာရာဏသီနှစ်ပြည်တို့မှ မိဘများက စံအိမ်ပြာသာဒ် သုံးဆောင်စီ ဆောက်လုပ်ပေးထားသည်။ ဗာရာဏသီပြည်၌ ၄-လ၊ ကောသမ္ဗီပြည်၌ ၄-လ၊ ကျန်(၄)လကား ပေါင်းကူးလှေကြီးများတွင် မဏ္ဍပ်များ ဆောက်လုပ်ပြီး ရေကြောင်းခရီးဖြင့် တစ်မြို့မှ

အား၊ အမျှကုသိုလ်၊ ပေးဝေလို၏။ ထိုကုသလ၊ ဤပုညကို၊ အမျှရကြသည်ဖြစ်စေသော်။

ဝသုန္ဒရေ၊ ဤမြေပံသု၊ သီလာထုလည်း၊ သက်သေအမှု တည်စေသော်။

ကုသိုလ်– အမျှ အမျှ အမျှ
ယူတော်မူကြပါကုန်လော့။
သာဓု သာဓု သာဓု

ကုသိုလ်– အမျှ အမျှ အမျှ
ယူတော်မူကြပါကုန်လော့။
သာဓု သာဓု သာဓု

ကုသိုလ်– အမျှ အမျှ အမျှ
ယူတော်မူကြပါကုန်လော့။
သာဓု သာဓု သာဓု

---------



- သင်္ကန်းအထည်ကို ဓားဖြင့် တစ်ခါမျှ မဖြတ်ဖူးခြင်း၊
- ဒါယကာတို့ ပင့်ဖိတ်သော ဆွမ်းကို တစ်ကြိမ် တစ်ခါမျှ မသာယာဖူးခြင်း၊
- မာတုဂါမကို မိန်းမဟူသော အမှတ်လက္ခဏာဖြင့် တစ်ကြိမ်တစ်ခါမျှ မကြည့်ဖူးခြင်း၊
- ကိုယ်ကို ဆုတ်နယ်နင်းနှိပ် မခံဖူးခြင်း၊
- အယုတ်သဖြင့် နွားနို့တစ်ညှစ်ခန့်မျှပင် ကိုယ်၌ အနာရောဂါ မဖြစ်ဖူးခြင်း၊
- ကျန်းမာရေးအတွက် ဆေးအနေဖြင့် သို့သွား သီးစိတ်ကလေးကိုမျှ မစားဖူးခြင်းနှင့်
- အခြားသော ဂုဏ်ရည်များ များစွာရှိပါသည်။

ပရိနိဗ္ဗာန်စံဝင်သောအခါ၌လည်း ငါ၏ခန္ဓာကိုယ်သည် သီတင်းသုံးဖော် ရဟန်းသံဃာတော်များအား ပလိဗောဓ ကြောင့်ကြဖွယ် မဖြစ်ပါစေလင့်ဟု ဆင်ခြင်



၃။ မြင်အပ်, မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၄။ ဝေးနေ, နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၅။ ဘဝဇာတ်ဆုံး၊ မဆုံးများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၆။ ရှည်–တို–အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။



ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၇။ ကြီး–ငယ်–အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၈။ ဆူ–ကြုံ–အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

၉။ လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။

